# တရားမဝင်ရွှေတူးဖော်မှုများ၏ အန္တရာယ်ရှိသော နောက်ဆက်တွဲ သက်ရောက်မှုများ ( ၁ )








## Corruption Perception Index In ASEAN

RED Countries with the highest perception of corruption




*Source: Transparency International (2021)

**နောက်ခံအကြောင်းတရား**

မြန်မာနိုင်ငံသည် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်စိမ်း နှင့် ကျောက်မျက်ရတနာများအပြင် အခြား သတ္တုများဖြစ်သော ရွှေ၊ ငွေ၊ ကြေးနီ၊ ခဲမဖြူ၊ အဖြိုက်နက်နှင့် သယံဇာတမျိုးစုံထွက်ရှိကာ သဘာဝသယံဇာတ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သယံဇာတပေါကြွယ်ဝသော်လည်း နိုင်ငံမှာမူ ဆင်းရဲတွင်းထဲမှ ယနေ့အချိန်အထိ ရုန်းမထွက်နိုင်သေးပေ။ သယံဇာတကျိန်စာသင့် နေသော နိုင်ငံဟု ဆိုရမည်ဖြစ်သည်။

စစ်တပိုင်း အစိုးရဖြစ်သော ဦးသိန်းစိန်အစိုးရလက်ထက်တွင် နိုင်ငံပုံရိပ်ကောင်းစေရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရည်ရွယ်၍ တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (Extractive Industries Transparency Initiative) ကို စတင်ဝင်ရောက်ခဲ့ပြီး သယံဇာတစီမံအုပ်ချုပ်မှုအားကောင်းစေရန် မည်ကာမတ္တ လုပ်ရပ် များကို လုပ်ဆောင်ပြခဲ့သည်။

ထို့အတူ NLD အစိုးရလက်ထက်တွင်လည်း EITI လုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ပြခဲ့ပြီး EITI စားပွဲဝိုင်းများမှ အဖြေများရှာဖွေဖော်ထုတ်ပေးခဲ့ကြသော်လည်း ပြောင်းလဲမှု တစ်စုံတစ်ရာတွေ့မြင်ရန် အင်မတန်ခက်ခဲခဲ့သည်။ ယခင်အစိုးရ ခေတ်အဆက်ဆက်ကတည်းက သယံဇာတစီမံအုပ်ချုပ်မှု တစ်ခုလုံးကို စစ်တပ်ကထိမ်းချုပ်ထားခဲ့ပြီး NLD အစိုးရလက်ထက်တွင် သယံဇာတစီမံအုပ်ချုပ်မှုကို စစ်တပ်ထိမ်းချုပ်မှုလက်အောက်မှ လွတ်မြောက်အောင် စွမ်းဆောင်နိုင်သော အခွင့်အရေးရှိခဲ့ သော်လည်း ထိုအခင်းအကျင်းမှ လွတ်မြောက်အောင် ကောင်းစွာမဖန်တီးနိုင်ခဲ့ကြသည်ကိုလည်း တွေ့ခဲ့ရသည်။







ထို့အတူ NLD အစိုးရလက်ထက်တွင်လည်း EITI လုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ပြခဲ့ပြီး EITI စားပွဲဝိုင်းများမှ အဖြေများရှာဖွေဖော်ထုတ်ပေးခဲ့ကြသော်လည်း ပြောင်းလဲမှု တစ်စုံတစ်ရာတွေ့မြင်ရန် အင်မတန်ခက်ခဲခဲ့သည်။ ယခင်အစိုးရ ခေတ်အဆက်ဆက်ကတည်းက သယံဇာတစီမံအုပ်ချုပ်မှု တစ်ခုလုံးကို စစ်တပ်ကထိမ်းချုပ်ထားခဲ့ပြီး NLD အစိုးရလက်ထက်တွင် သယံဇာတစီမံအုပ်ချုပ်မှုကို စစ်တပ်ထိမ်းချုပ်မှုလက်အောက်မှ လွတ်မြောက်အောင် စွမ်းဆောင် နိုင်သော အခွင့်အရေးရှိခဲ့ သော်လည်း ထိုအခင်းအကျင်းမှ လွတ်မြောက်အောင် ကောင်းစွာ မဖန်တီး နိုင်ခဲ့ကြသည်ကိုလည်း တွေ့ခဲ့ရသည်။

မြန်မာနိုင်ငံတွင် သယံဇာတတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများသည် မူလကပင် အကျင့်ပျက်ခြစားမှု၊ အဂတိလိုက်စားမှုနှင့် တရားမဝင်တူးဖော်ထုတ်လုပ်မှုများ အများဆုံးရှိနေသော နေရာဖြစ်သည်။ တရားဝင် သတ္တုတူးဖော်သည့်လုပ်ငန်းများနှင့် တရားမဝင်သတ္တုတူးဖော်သည့်လုပ်ငန်းများ နှစ်ခုစလုံး တွင် ဌာနဆိုင်ရာဝန်ထမ်း များ၏ အကျင့်ပျက်ခြစားမှုများ၊ အဂတိလိုက်စားမှုများနှင့် လာဘ်ပေး လာဘ်ယူမှုများသည် အမြစ်တွယ်ဖုံးလွှမ်းနေခဲ့ပြီး ထိုအကြောင်းရင်းများသည် မြန်မာနိုင်ငံ၏ သယံဇာတတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ၊ နိုင်ငံ၏သဘာဝပတ်ဝန်းကျင်နှင့် နိုင်ငံသားများ၏ လူမှုဘဝများကို ဆယ်စုနှစ်ပေါင်းများစွာ ဖျက်ဆီးပြစ်ခဲ့သည်။

သတ္တုတူးဖော်မှုလုပ်ငန်းတိုင်းသည် နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၊ ရေချိုသယံဇာတများ ပျက်စီးဆုံးရှုံးခြင်းနှင့် လူမှုစီးပွားဘဝများ ထိခိုက် ပြောင်းလဲခြင်းတို့ကို ဖြစ်ပေါ်စေပြီး တရားဝင်သတ္တုတူးဖော်မှုလုပ်ငန်းများတွင် ရံဖန်ရံခါ ထိုဆိုးကျိုး ပြဿာနာများ အနည်းငယ်လျော့နည်းအောင် ထိန်းချုပ်လုပ်ဆောင်ကြသော်လည်း တရားမဝင် သတ္တုတူးဖော်မှုများတွင် စည်းမျဉ်းဥပဒေများ လိုက်နာမှု မရှိသောကြောင့် ပြင်းပြင်းထန်ထန် ဖြစ်ပေါ်ခံစားကြရသည်။ မြန်မာနိုင်ငံသည် အမျိုးသားအဆင့်သယံဇာတမူဝါဒမရှိသေးခြင်း၊ သယံဇာတရှာဖွေတူးဖော်ထုတ်လုပ်မှုနှင့် သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများ အားနည်းနေခြင်းတို့ကြောင့် အစိုးရအဆက်ဆက်လက်ထက်တွင် သယံဇာတတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများသည် တရားဝင်တူးဖော်မှုထက် တရားမဝင်တူးဖော်မှုက ပိုမိုများပြားနေခဲ့သည်။ သယံဇာတတူးဖော်ထုတ်လုပ်မှုနှင့် သက်ဆိုင်ပတ်သက်တာဝန်ရှိသော အစိုးရဌာနများမှ ဌာနဆိုင်ရာဝန်ထမ်းများ၏ အကျင့်ပျက်ခြစားမှုကလည်း တရားမဝင်သတ္တုတူးဖော်မှုများကို ပိုမိုများပြားစေသော အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံရှိ သတ္တုတူးဖော်မှု ၉၀ ရာခိုင်နှုန်းကျော်သည် တရားမဝင်ဖြစ်သည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ အကြမ်းဖက်စစ်တပ်၏ အာဏာသိမ်းမှုသည် မြန်မာနိုင်ငံ၏ သယံဇာတတူးဖော်ထုတ်လုပ်မှုတွင် နှစ်ပေါင်းများစွာ အမြစ်တွယ်နေပြီဖြစ်သော တရားမဝင်သတ္တုတူးဖော်မှုများ၊ အကျင့်ပျက်ခြစားမှုများကို ပိုမိုများပြားဆိုးရွားလာအောင် တွန်းအားပေးခဲ့သည်။ ထိုပြဿနာများ၏ နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် သယံဇာတထွက်ရှိရာဒေသများသည် သဘာဝပတ်ဝန်းကျင် ပိုမိုပျက်စီးလာပြီး ရေရှည်တွင် နိုင်ငံ၏သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝများကို လက်ရှိအခြေအနေထက် ပိုမိုဆိုးရွားစေနိုင်သော အကျိုးဆက်များကို ဖြစ်ပေါ်လာစေမည်ဖြစ်သည်။

## စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ရှိ တရားမဝင်ရွှေတူးဖော်မှုများ

မြန်မာနိုင်ငံ၏ သတ္တုတူးဖော်ထုတ်လုပ်မှုတွင် အသေးစားနှင့် လက်လုပ်လက်စားသတ္တုတူး ဖော် ထုတ်လုပ်မှုသည် အရေးပါပြီး နိုင်ငံသားများ၏ စားဝတ်နေရေးနှင့် အလုပ်အကိုင်ဖန်တီးပေးရာတွင် အရေးပါသောအခန်းမှ ပါဝင်နေသည်။ သို့သော်လည်း ယခင်က သတ္တုတူးဖော်ခွင့်ပြုမိန့်ချပေးရာတွင် လုပ်ပိုင်ခွင့်အာဏာအား ဗဟိုမှချုပ်ကိုင်ထားခြင်း၊ အသေးစားနှင့် လက်လုပ်လက်စား သတ္တုတူးဖော် လုပ်ကိုင်ခွင့်အား လျစ်လျူရှုထားခဲ့ခြင်းတို့ကြောင့် အသေးစားနှင့် လက်လုပ်လက်စား သတ္တုတူးဖော်မှု ကို တရားမဝင်သာ တူးဖော်လုပ်ကိုင်ခဲ့ကြရသည်။ NLD အစိုးရလက်ထက်၌ ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ထံ အသေးစားနှင့် လက်လုပ်လက်စားသတ္တုတူးဖော်မှု လျှောက်ထားချပေးခွင့်ကို စတင်ခွင့်ပြုပေးချိန်မှစပြီး တရားဝင် သတ္တုတူးဖော်ရန် လျှောက်ထား လုပ်ကိုင်သူ များပြားခဲ့သည်။ ဤသို့ဖြင့် တရားမဝင် အသေးစားနှင့်လက်လုပ်လက်စား သတ္တုတူးဖော်နေသူ များအား တရားဝင်တူးဖော်နိုင်ရန် လျှောက်ထား ခွင့်ပြုပြီး တရားဝင်တူးဖော်လာကြခြင်းဖြင့် တရားမဝင်တူးဖော်မှုများကို တဖြည်းဖြည်းလျှော့ချနိုင်မည့် အခြေအနေတွင် အကြမ်းဖက်စစ်တပ်၏ အာဏာသိမ်းမှုကြောင့် ထိုလုပ်ငန်းစဉ်များအားလုံး ရပ်ဆိုင်း သွားခဲ့ရသည်။ ထို့အပြင် နိုင်ငံရေးမတည်ငြိမ်ခြင်း၊ တရားဥပဒေစိုးမိုးမှုကင်းမဲ့ခြင်းတို့ကြောင့် တရားမဝင်သတ္တုတူးဖော်မှုများသည် ယခင်ထက်ပင် ပိုမိုများပြားကာ ဆိုးဝါးသွားခဲ့သည်။ တရားမဝင် သတ္တုတူးဖော်မှုများတွင် အသေးစားနှင့် လက်လုပ်လက်စားတရားမဝင်ရွှေတူးဖော်မှုများသည် အခြား တရားမဝင်သတ္တုတူးဖော်မှုများထက် ပိုမိုများပြားနေပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ် တွင် အများဆုံးတွေ့ရသည်။

Citizen Action for Transparency ( CAFT ) သည် အာဏာသိမ်းကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ရှိ တရားမဝင်ရွှေတူးဖော်မှုလုပ်ငန်းများကို စောင့်ကြည့်လေ့လာမှတ်တမ်းတင်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဟုမ္မလင်းမြို့နယ်နှင့် ကချင်ပြည်နယ်တွင် ဆယ်ဇင်းကျေးရွာရှိ တရားမဝင်ရွှေတူးဖော်မှုလုပ်ငန်းများကို လေ့လာနိုင်ခဲ့ပြီး ထိုဒေသများရှိ တရားမဝင်ရွှေတူးဖော်မှုများ၏ နောက်ဆက်တွဲဆိုးကျိုးပြဿနာများကို လက်လှမ်းမီသမျှ မှတ်တမ်းတင်နိုင်ခဲ့သည်။



# အဂတိလိုက်စားမှုဆိုင်ရာပြဿနာများ

မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုနှင့် ပါတ်သက်ပြီး ၂၀၂၁ ခုနှစ် CPI အညွှန်းကိန်း (Corruption Perception Index) ၏ နိုင်ငံပေါင်း (၁၈၀) တွင် အဆင့် (၁၄၀) ၌ရှိနေခဲ့သည်။ ဤအချက်က အဂတိလိုက်စားမှုသည် မြန်မာနိုင်ငံ၏ အလွန် ဆိုးရွား သော ပြဿနာတစ်ရပ်ဖြစ်ကြောင်း ဖော်ပြ နေသည်။ အကျင့်ပျက်ခြစားမှုသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံခြား ရင်းနှီးမြုပ်နှံမှုနှင့် ကုန်သွယ်မှု အတွက် အကြီးမားဆုံးပြဿနာဖြစ်သည်။

မြန်မာနိုင်ငံ၏ တွင်းထွက်သယံဇာတနှင့် သတ္တုတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများတွင် လိုင်စင်လျှောက်ထားခြင်း၊ ရယူခြင်းနှင့် တူးဖော်ထုတ်လုပ်ရောင်းချခြင်း စသည့်လုပ်ငန်းအဆင့်ဆင့်တိုင်း၌ အကျင့်ပျက်ခြစားမှုများ၊ အဂတိ လိုက်စား မှုများသည် ယခင်ကတည်းက အမြစ်တွယ်ဖုံးလွှမ်းနေခဲ့ပြီး တရားဝင်တူးဖော်မှု လျှောက်ထားရာတွင်ပင် လာဘ်ပေးလာဘ်ယူနှင့် မကင်းပေ။

တရားမဝင်သတ္တုတူးဖော်ခြင်းလုပ်ငန်းများတွင် အများအားဖြင့် မြေယာလုပ်ပိုင်ခွင့်၊ စမ်းသပ်လျှောက်ထားခြင်း၊ သတ္တုတူးဖော်ခွင့်လိုင်စင်၊ သတ္တုတူးဖော်ထုတ်လုပ်မှုနှင့် ဓာတ်သတ္တုသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာ တွင် ခွင့်ပြုချက်များ ရယူထားခြင်းမရှိဘဲ လုပ်ကိုင်ခြင်းကိုဆိုလိုသည်။ ယခုလက်ရှိအချိန်ကဲ့သို့ နိုင်ငံရေးတည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှုကင်းမဲ့နေသောကာလတွင် စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာမှု အားနည်းသော သတ္တုလုပ်ငန်းရှင်များနှင့် အာဏာသိမ်းအစိုးရ၏ အုပ်ချုပ်မှုယန္တရားအကြားတွင် အကျင့်ပျက်ခြစားမှုနှင့် အဂတိလိုက်စားမှုများသည် ယခင်ထက် ပိုမိုကြီးထွားလာနေသည်။

ယခင်ကတည်းက တရားမဝင် ရွှေတူးဖော်မှု လုပ်ငန်းများရှိနေသော စစ်ကိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်ရှိ အင်းအိုင် များ နှင့် ဥရုချောင်းများအတွင်းတွင် စစ်တပ်မှ အာဏာသိမ်းပြီးနောက်ပိုင်းကာလဖြစ်သော မေလနှောင်းပိုင်းမှစတင်၍ ဖော်မှုလုပ်ငန်းများ ( ရွှေမျှောလုပ်ငန်းများ ) ကို ယခင်ထက် များစွာ တိုးပွားလုပ်ဆောင်လာနေသည်ကို တွေ့မြင် ခဲ့ရသည်။

ထိုသို့ တရားမဝင်ရွှေမျှောလုပ်ငန်းများ လုပ်ကိုင်ကြရာတွင် သယံဇာတနှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ဝန်ထမ်းများ ကိုယ်တိုင် တရားမဝင်ငွေကြေးလက်ခံရယူပြီး မြေနေရာများတိုင်းတာသတ်မှတ်ပေးခြင်း၊ အာဏာသိမ်းစစ်တပ်မှ အာဏာရှိသူများ နှင့် လက်နက်ကိုင်အဖွဲ့များမှ အာဏာရှိသူများက ဆက်ကြေးများ ကောက်ခံပြီး ဆောင်ရွက်စေ ခြင်း တို့ကြောင့် တရားမဝင်ရွှေတူးဖော်မှုလုပ်ငန်းများသည် တည်ဆဲသတ္တုဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှု မရှိသော်လည်း တူးဖော်ခွင့်ပြုသူများနှင့် တူးဖော်နေကြသူများသည် တရားဝင်တူးဖော်မှုလုပ်ငန်းများကဲ့သို့ ထင်ထင်ပေါ်ပေါ် တူးဖော်နေကြသည်ကို တွေ့မြင်နေရသည်။

အရင်ကတော့ သတ္တု၊ မြေစာရင်း၊ ထွေအုပ်၊ ရဲ စတာတွေကိုပေးပြီး လုပ်နေရတာပေါ့။ အခုနောက်ပိုင်းတော့ စစ်တပ်နဲ့ SNA ( ရှမ်းနီတပ်မတော် ) ကို အဓိကပေးရတယ်။ ဒါပေမယ့် အခုလည်း သတ္တုတို့ ရဲတို့ ရောက်လာရင် ပေးနေ ရသေးတာပဲ။ အခု ဥရုချောင်းထဲ လုပ်နေတဲ့ သူတွေဆိုရင် စစ်တပ်နဲ့ SNA ( ရှမ်းနီတပ်မတော် ) ကို ဆက်ကြေးပေးပြီး လုပ်နေကြတာ။ စစ်တပ်နဲ့ SNA က သူတို့ဘာသာသူတို့ ဥရုချောင်းကို အလယ်မှာစည်းမှတ်လိုက်ပြီး ချောင်းအရှေ့ဘက်ခြမ်းကို စစ်တပ်၊ အနောက်ဘက်ခြမ်းကို SNA က ဆက်ကြေးကောက်ကြတယ်။ ပေးရတဲ့ပုံစံက ပထမစဝင်ဝင်ချင်းမှာ ဝင်ကြေးပေးရတယ်။ ပြီးရင် လစဉ်ကြေးပေးရတယ်။ ဝင်ကြေးနဲ့ လစဉ်ကြေး ပေးရတဲ့နှုန်းကတော့ ရွှေရတဲ့ အပေါ်မူတည်ပြီး အမျိုးမျိုး ပေါ့။ရွှေဖောင်တစ်ဖောင်ကိုအများဆုံး ကျပ်သိန်း ရာဂဏန်း ကနေ ( တချို့နေရာမှာတော့ ရွှေဘယ်နှစ်ကျပ်သား ဆိုပြီး တောင်းတယ်) အနည်းဆုံး ကျပ်သိန်းဆယ်ဂဏန်းအထိ ရှိတယ်။ **(အာဏာသိမ်းပြီးနောက် ဟုမ္မလင်းမြို့နယ်၊ ဥရုမြစ်အတွင်းတရားမဝင်ရွှေတူးဖော်နေသောလုပ်ငန်းရှင်တစ်ဦး)**







